**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊ SSE/NM/၀၁၃/၂၀၂၀
ရက်စွဲ၊၂၀၂၀ – ပြည့်နှစ်၊ ဩဂုတ်လ(၂၅) ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ (၁) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ (၁၇–၈–၂၀၂၀) ရက်စွဲပါ စာအမှတ်၊ MOEE – ၁/၂ (လုံခြုံရေး–၂) (၁၃၂၉၆) / ၂၀၂၀

(၂) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၁၉–၈–၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ပဆ–(၃)/(Notice–DMA)/၂၀၂၀ /(၁၆၁)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A–1 ရှိ SHWE Phase 2 Development Project Area တွင် Drilling Campaign လုပ်ငန်းများအား Semi–submersible Drilling Rig “OCEAN MONARCH” (Call Sign: V7IY3) ဖြင့် (၁၅.၉.၂၀၂၀) ရက်နေ့မှ (၁.၁၂.၂၀၂၁) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ တွင်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinates များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်–

| Point | Latitude | Longitude |
|---|---|---|
| A | 19° 55' 53.72" N | 92° 18' 51.89" E |
| B | 19° 56' 14.25" N | 92° 37' 49.16" E |
| C | 19° 31' 37.03" N | 92° 18' 53.97" E |
| D | 19° 32' 07.04" N | 92° 38' 21.12" E |

၃။ သို့ဖြစ်ပါ၍ (၁၅.၉.၂၀၂၀) ရက်နေ့မှ (၁.၁၂.၂၀၂၁) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့်

တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘော များ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

အောင်မင်းခန့်-ဒုတိယညွှန်ကြားရေးမှူး(SSE)